# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

October 6, 2020 Volume 36, Number 4

**၆.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၈၉၄ US$ |
| မြန်မာ့ရွှေစျေး | = ၁၃၁၃၀၀၀ |
| ဒေါ်လာစျေး | = ၁၃၂၂/- ကျပ် |
| CBM Rate | = ၁၃၀၂.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၆.၄၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၈၇.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၅.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၁.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၇၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၃.၁၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၃၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးနှင့် ကုန်စည်စီးဆင်းမှုချောမွေ့စေရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးတို့အတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးနှင့် ကုန်စည်ဝင်/ထွက်မှု အခြေအနေ၊ ကုန်စျေးနှုန်းများဖြစ်ပေါ်မှုအခြေအနေများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးအား ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများသည် Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့စေရေး၊ ကုန်စည်ဝင်/ထွက်မှု အခြေအနေ၊ ကုန်စျေးနှုန်းတည်ငြိမ်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ အခြေခံရိက္ခာဖြစ်သည့် ဆန်၊ ဆီ၊ ပဲ၊ ကြက်သွန်စသည့် အခြေခံရိက္ခာလိုအပ်ချက်များကို သုံးသပ်တွက်ချက်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရနှင့် ကုန်သည်အသင်းအဖွဲ့များ၏လက်ဝယ်တွင် အခြေခံရိက္ခာများ ပြည့်စုံစွာရှိသည့်အတွက် လက်ရှိ COVID–19 ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက မြန်မာတစ်နိုင်ငံလုံးအတွက် အခြေခံရိက္ခာ

ပြည့်စုံလုံလောက်စွာရှိနေပါခြင်းနှင့် ပြည်သူလူထုအနေဖြင့် စားနပ်ရိက္ခာပြတ်လပ်မည်ကို စိုးရိမ်ပူပန်မှုမရှိစေလိုရန် ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးသို့ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ကုန်စည်များဝင်ရောက်သလို ရန်ကုန်တိုင်းဒေသကြီးမှလည်း အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ကုန်စည်များများဖြန့်ဖြူးလျက်ရှိပါပြီး လုပ်ငန်းဆိုင်ရာများ များပြားသည့်အတွက် အားနည်းချက်၊ ချို့ယွင်းချက်များရှိသော်လည်း အမြန်ဆုံးညှိနှိုင်းပူးပေါင်းဖြေရှင်းနိုင်ခဲ့ပါသည်။ ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ ကုန်စည်မပြတ်လပ်စေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် အခက်အခဲများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်ပြီး အသင်းအဖွဲ့များအနေဖြင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြပေးရန်နှင့် ဆောင်ရွက်သင့်သည့် အကြံပြုချက်များကိုလည်း တင်ပြပေးစေလိုသည်ဟု ပြောကြားခဲ့သည်။

နောက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့ရှိ မြို့နယ် (၄၄) မြို့နယ်အတွင်း ကုန်စည်စီးဆင်းမှုအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ နေ့စဉ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်နေသည့်အတွက် မြို့နယ်များရှိ လက်လီဆိုင်များသို့ အခြေခံစားသောက်ကုန်များဖြန့်ဖြူးမှုမှာ အခက်အခဲမရှိသည့်အပြင် အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိသည်လို့ ပြောကြားခဲ့သည်။ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား Test Kit များဖြင့် လုံလောက်စွာစစ်ဆေးနိုင်ရေး၊ ကုန်တင်ယာဉ်များအား ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဖြတ်သန်းအသုံးပြုခွင့်ရရှိရေး၊ Test Kit များအားအသုံးပြုပြီး ရောဂါရှာဖွေစစ်ဆေးမှုများကို ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အစိုးရအချင်းချင်း (G to G) စနစ်ဖြင့်ဆွေးနွေး၍ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း (B to B) စနစ်ဖြင့် တင်သွင်းနိုင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဥက္ကဋ္ဌနှင့်ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကဏ္ဍအလိုက်အသီးသီးဆွေးနွေးတင်ပြကြပြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ဆွေးနွေးကြပြီးနောက် ပြည်ထောင်စုဝန်ကြီးက ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်သည်လို့ ဆွေးနွေးပြောကြားခဲ့ကြသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/

## COVID-19 ကပ်ရောဂါဖြစ်နေသော်လည်း နိုင်ငံခြားကုန်သွယ်မှု ပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက် ၅ ရာခိုင်နှုန်းတိုးလာ

COVID-19 ကပ်ရောဂါဖြစ်နေချိန် ပြည်ပသို့စားနပ် ရိက္ခာတင်ပို့မှုတိုးလာခြင်းကြောင့် နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက် ၅ ရာခိုင်နှုန်းတိုးတက်ပြီး ဒေါ်လာ ၃၆ ဘီလီယံကျော်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်က နိုင်ငံခြားကုန်သွယ်မှု ဒေါ်လာ ၃၄ ဘီလီယံကျော်ရှိရာ ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံတိုးတက်လာသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုကို ဒေါ်လာ ၃၅ဘီလီယံ ကျော်သာရှိမည်ဟု ဘဏ္ဍာနှစ်စပိုင်း တွင်အစိုးရကခန့်မှန်းခဲ့သည်။

COVID-19 ကြောင့် မြန်မာနိုင်ငံမှအထည်ချုပ်ပို့ကုန်များ၊ သဘာဝဓာတ်ငွေ့ ပြည်ပတင်ပို့ရောင်းချမှုဝင်ငွေ လျော့နည်းသွားသော်လည်း လယ်ယာထွက်ကုန်၊ ရေထွက်ကုန်တင်ပို့မှုတိုးလာခြင်းကြောင့် ယခုဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် ဒေါ်လာ ၁၇ ဒသမ ၃ဘီလီယံရှိသည်။


ပြီးခဲ့သည့် ဘဏ္ဍာနှစ်က နိုင်ငံခြားပို့ကုန်တန်ဖိုး ဒေါ်လာ ၁၆ ဒသမ ၅ ဘီလီယံကျော် သာ တင်ပို့နိုင်ခြင်းကြောင့် ပို့ကုန်ကဏ္ဍတွင် ဒေါ်လာသန်း ၈၀၀ ကျော်တိုး တက်လာသည်။ ထို့အတူ ယခုဘဏ္ဍာနှစ် သွင်းကုန်တန်ဖိုး ဒေါ်လာ ၁၈ ဒသမ ၈ ဘီလီယံ တင်သွင်းထားပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင်ဒေါ်လာ ၁ ဘီလီယံ ကျော်ပို များသည်။ ယခုဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးက ပို့ကုန်ထက်ဒေါ်လာ ၁ ဒသမ ၅ဘီလီယံပိုများသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော် ရှိခဲ့ရာ ကုန်သွယ်မှုလိုငွေ ဒေါ်လာ သန်း၂၀၀ ခန့်ပိုများသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန်ကဏ္ဍကို လေ့လာမည်ဆိုလျှင် ဆန်ပြောင်းဖူးစေ့အပါအဝင် လယ်ယာ ထွက်ကုန်တင်ပို့မှုက ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံခန့် ရှိပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်ထက် ဒေါ်လာသန်း ၅၀၀ ခန့် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့သည်။ ထို့အတူရေ ထွက်ကုန်တင်ပို့မှု ဒေါ်လာ သန်း ၈၄၀ ကျော်ရှိသဖြင့် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၂၅ သန်းကျော်ပိုမိုတင်ပို့နိုင်သည်။ "ကိုဗစ်ဖြစ်နေလို့ ဒီလောက်ပဲတက်တာ။ ကိုဗစ်သာမရှိရင် ရေထွက်ပစ္စည်းတင်ပို့မှုက ဒီထက်ပိုများနိုင်တယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေ ထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

နိုင်ငံခြားမှ ကုန်စည်တင်သွင်းမှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သောပစ္စည်းများ တင်သွင်းမှုက ဒေါ်လာ ခုနစ်ဘီလီယံကျော်ရှိခြင်းကြောင့် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ထက် **တစ်ဘီလီယံကျော်ပိုများသည်။** လူသုံးကုန်ပစ္စည်း တင်သွင်းမှုကလည်း ဒေါ်လာ ၃ ဒသမ ၃ဘီလီယံရှိခြင်းကြောင့် ပြီးခဲ့သည့် ဘဏ္ဍာနှစ် ထက်ဒေါ်လာသန်း ၉၀ ကျော် ပိုမို တင်သွင်းထားသည်။

**Source:** https://7day.news/detail?id=201121

## တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာရောင်းဝယ်မှုမှ ငွေကျပ်သန်း ၂၀၀ ကျော်ရရှိ




ရန်ကုန်စတော့ဈေးကွက်တွင် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အထိ တစ်ပတ်တာကာလအတွင်း ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီများမှ စတော့ရှယ်ယာရောင်းဝယ်မှုတန်ဖိုး ငွေကျပ်သန်း ၂၀၀ ကျော်ရရှိခဲ့ကြောင်းသိရသည်။ စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီ ခြောက်ခုမှ စတော့ရှယ်ယာရောင်းဝယ်မှုမှာ စတော့ရှယ်ယာအစောင်ရေ ၂၃၆၅၇ စောင်မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ် ၃၉၄၉၁၉၁၅၀ ရရှိခဲ့ကြောင်းသိရသည်။

စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီ ခြောက်ခုမှ စတော့ရှယ်ယာရောင်းဝယ်မှုမှာ စတော့ရှယ်ယာအစောင်ရေ ၂၁၅၂၆ စောင်မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ် ၂၃၂၀၄၀၈၀၀ ရရှိ၍ ပြီးခဲ့သည့်တစ်ပတ်ကထက် ရောင်းဝယ်မှုပမာဏ လျော့ကျခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ ရောင်းဝယ်မှု ပမာဏ လျော့ကျခြင်းမှာ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်၏ တစ်ပတ်တာရောင်းဝယ်မှုတွင် လေးရက်သာ အရောင်းအဝယ်ရှိခဲ့ပြီး အောက်တိုဘာ ၁ ရက်သည် ဈေးကွက်ပိတ်ခြင်းကြောင့်ဖြစ်သည်။ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အထိ စာရင်းဝင်ကုမ္ပဏီတစ်ခုချင်းစီ၏ စတော့ရှယ်ယာရောင်းဝယ်မှုကို ကြည့်မည်ဆိုပါက First Myanmar Investment Public Co.,Ltd. ( FMI ) မှ စတော့ရှယ်ယာအစောင်ရေ ၆၁၆၅ စောင်မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ် ၆၂၀၉၉၁၀၀ အရောင်းအဝယ်ရှိခဲ့ကြောင်းသိရသည်။

Myanmar Thilawa SEZ Holdings Public Co.,Ltd. ( MTSH )မှ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အတွင်း စတော့ရှယ်ယာအစောင်ရေ ၈၂၂၁ စောင်မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ် ၃၀၃၆၅၃၀၀ အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။ Myanmar Citizens Bank (MCB)မှ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အတွင်း စတော့ရှယ်ယာအစောင်ရေ ၁၈ စောင်မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ် ၁၄၄၁၀၀ အရောင်းအဝယ်ရှိခဲ့ကြောင်းသိရသည်။ First Private Bank Limited (FPB) မှ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အတွင်း စတော့ရှယ်ယာအစောင်ရေ ၆၁၁၂ စောင်မှ စတော့ရှယ်ယာ တန်ဖိုး ငွေကျပ် ၁၃၆၆၇၅၅၀၀ အရောင်းအဝယ်ရှိခဲ့ကြောင်းသိရသည်။

TMH Telecom Public Co.,Ltd. မှ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အတွင်း စတော့ရှယ်ယာ အစောင်ရေ ၉၃၅ စောင်မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ်၂၅၂၆၇၀၀ အရောင်းအဝယ်ရှိခဲ့ပြီး စတော့အိတ်ချိန်း၏ နောက်ဆုံး စာရင်းဝင်ကုမ္ပဏီဖြစ်သည့် Ever Flow River Group Public Co., Ltd.(EFR) မှလည်း စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အတွင်း စတော့ရှယ်ယာအစောင်ရေ ၇၅ စောင်မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ် ၂၃၀၁၀၀ ဖြင့် အသီးသီး ရောင်းဝယ်မှုရှိခဲ့ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2624

## ထိုင်းနိုင်ငံ ရနောင်းဂိတ်အနေဖြင့် မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးပိတ်လိုက်သည့်သတင်းမှာ မဟုတ်မမှန်ဘဲ COVID-19 ရောဂါနှင့်ပတ်သက်ပြီး ကန့်သတ်ချက်တိုးမြှင့်လိုက်ခြင်းသာဖြစ်ပြီး ကုန်သွယ်မှုပုံမှန်ပြုလုပ်နေကြောင်းသိရ



ထိုင်းနိုင်ငံ ရနောင်းနယ်စပ်ကုန်သွယ်ရေးဂိတ်အနေဖြင့် မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးပိတ်လိုက်သည့်သတင်းမှာ မဟုတ်မမှန်ဘဲ COVID-19 ရောဂါနှင့်ပတ်သက်ပြီး ကန့်သတ်ချက်တိုးမြှင့်လိုက်ခြင်းသာဖြစ်ပြီး ကုန်သွယ်မှုပုံမှန်ပြုလုပ်နေကြောင်း ထိုင်းနိုင်ငံဘက်မှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အောက်တိုဘာ ၄ ရက်မှစတင်ပြီး ထိုင်းနိုင်ငံရှိ ရနောင်းကုန်သွယ်ရေးဂိတ်ပိတ်လိုက်ပြီဆိုသည့်သတင်းကို မြန်မာနိုင်ငံရှိ သတင်းဌာနတချို့မှဖော်ပြခဲ့ရာ အဆိုပါသတင်းမှာ မဟုတ်မမှန်ကြောင်း ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအပိုင်းကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ထားသလို သက်ဆိုင်ရာသတင်းဝက်ဘ်ဆိုက်များတွင်လည်း ဖော်ပြထားကြောင်းသိရသည်။

ရနောင်းခရိုင်ဆိပ်ကမ်း လုံခြုံရေးကြီးကြပ် ထိန်းသိမ်းရေးစခန်းမှ ဗိုလ်မှူးကြီး နတ်ကျရတ်စကူ(န်) ဦးဆောင်သောအဖွဲ့မှ ရနောင်းရှိ ငါးဂိုဒေါင်များကိုစစ်ဆေးရာ မြန်မာလှေသားများ ဂိုထောင်မတက်ရ စည်းကမ်းကိုချိုးဖောက်နေသည်ကို တွေ့ရသည့်အတွက် ရနောင်းခရိုင်ဝန်က အစည်းအဝေး ခေါ်ယူခဲ့ခြင်းသာဖြစ်ကြောင်းသိရသည်။ "အောက်တိုဘာ ၄ ရက်က ရနောင်းကိုဝင်တဲ့လှေတွေအားလုံး ပိတ်ပင်လိုက်ပြီဆိုတဲ့ သတင်းတွေတက်လာတယ်။ COVID-19 ကာလသတ်မှတ်ချက်ဖြစ်တဲ့ မြန်မာလှေသား ဂိုထောင်ပေါ်မတက်ရဆိုတဲ့ စည်းကမ်းချက်ကိုချိုးဖောက်ပြီးတော့ ဂိုထောင်ထဲက ပစ္စည်းတွေကို သယ်ယူနေတာ၊ လှေထဲချနေတာကို တွေ့ရတယ်။ အဲဒါကြောင့်မို့လို့ ဗိုလ်မှူးကြီးက ခရိုင်ဝန်ကို တင်ပြတယ်။ ရနောင်းခရိုင်အနေနဲ့ အစည်းအဝေး ခေါ်တယ်။ အဲဒီမှာ ကျန်းမာရေးဌာန၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတွေက မြန်မာနိုင်ငံမှာ COVID-19 ရောဂါပျံ့နှံ့မှုက ကြီးကြီးမားမားဖြစ်နေပြီဖြစ်တဲ့အတွက် ၁၄ ရက်တာကာလ ကုန်သွယ်မှုတွေကို ဆိုင်းငံ့ထားဖို့တင်ပြတာပါ။ အဲဒီမှာ လုပ်ငန်းရှင်တွေဘက်က တင်ပြရာမှာ ဒီလိုဆိုင်းငံ့လိုက်မယ်ဆိုရင် နှစ်နိုင်ငံကုန်သွယ်ရေးထိခိုက်မယ့်အပြင် ကျဆင်းနေတဲ့ ရနောင်းရဲ့ စီးပွားရေးကိုလည်း ပိုမိုရိုက်ခတ်သွားနိုင်မှာဖြစ်တဲ့အတွက် ဂိုထောင်ပေါ်ကို လုံးဝအတက်မခံဘူး။ ဆိပ်ကမ်းကို အတက်မခံဘူး။ မြန်မာလုပ်သားတွေက Mask တပ်ထားရမယ်။ လှေအဝင်အထွက် လုပ်ချိန်ကို ကန့်သတ်ထားတယ်။ အဲဒါတွေကို တင်းတင်းကျပ်ကျပ် စစ်ဆေးသွားမယ်။ အဲဒီစည်းကမ်းချက်တွေကို ဂိုထောင်ပိုင်ရှင်တွေက လိုက်နာမယ်ဆိုပြီး ကတိခံဝန်ချက်တွေနဲ့ မြန်မာ-ထိုင်း ကုန်သွယ်ရေးရဲ့ အဓိကအပေါက်တစ်ခုဖြစ်တဲ့ ကော့သောင်း-ရနောင်း ကုန်သွယ်ရေးဂိတ်က ဆက်လက်တည်ရှိသွားမှာဖြစ်ပါတယ်"ဟု နှစ်နိုင်ငံဌာနဆိုင်ရာကိစ္စများ ဆက်သွယ်ဆောင်ရွက်ပေးနေသူ AKM ခရီးသွားလုပ်ငန်းမှ ဦးအောင်ကြည်မြင့်က ပြောကြားသည်။

ထိုင်းနိုင်ငံ ရနောင်းအနေဖြင့် မြန်မာ့ရေထွက်ကုန်များကို အဓိကမှီခိုပြီး စီးပွားရေးလုပ်ဆောင်နေရသလို မြန်မာနိုင်ငံအနေဖြင့်လည်း ရေထွက်ကုန်များကို ထိုင်းနိုင်ငံ ရနောင်းမြို့သို့ အဓိကတင်ပို့နေရကြောင်းသိရသည်။ "တနင်္သာရီတိုင်းဒေသကြီးက ထွက်ရှိတဲ့ ရေထွက်ကုန်တွေက လောလောဆယ်မှာ ဂိတ်ပေါက်က တစ်ခုပဲရှိတယ်။ ရနောင်းကိုပဲ ပို့နေရတယ်ပေါ့။ ဈေးကွက်က အဲဒီမှာပဲရှိတယ်။ အဲဒီဈေးကွက် ရပ်ဆိုင်းသွားမယ်ဆိုရင် တနင်္သာရီတိုင်းဒေသကြီးရဲ့ စီးပွားရေးကို အတော်ကြီးကို ရိုက်ခတ်လာနိုင်မယ်။ ငါးဖမ်းရာသီ သုံးလလည်း ပိတ်ထားတယ်။ အခုရာသီ ဖွင့်ပြန်တော့လည်း ဆိုင်းငံ့တာနှင့် ကြုံမယ်ဆိုရင် လှေရှင်တွေအတွက် အများကြီးထိခိုက်မှု ဖြစ်လာလိမ့်မယ်။ ဒေသခံ လုပ်ငန်းငယ်လေးတွေလည်း COVID-19 ကာလမှာ ရပ်တည်ဖို့ ခက်ခဲနေချိန်မှာ ဒီလိုဖြစ်သွားရင် အတော်ကြီးကို အကျပ်အတည်း တွေ့သွားမယ်။အခုတော့ ပုံမှန်အတိုင်းပဲ ရှိနေတယ်။ မြန်မာလှေသားတွေကလည်း သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို အတတ်နိုင်ဆုံး လိုက်နာပေးကြခြင်းအားဖြင့် နှစ်နိုင်ငံကုန်သွယ်ရေး ပုံမှန်ရှိစေဖို့ စဉ်းစားပေးကြစေချင်ပါတယ်"ဟု ဦးအောင်ကြည်မြင့်က ဆက်လက်ပြောကြားသည်။ ကော့သောင်း-ရနောင်း နယ်စပ်ကုန်သွယ်ရေးမှာ ရေလမ်းဖြင့်သာကုန်သွယ်ရပြီး COVID-19 စတင် ဖြစ်ပွားစဉ်ကတည်းက လူဝင်၊

လူထွက်ကို ပိတ်ပင်ထားသော်လည်း ကုန်ပစ္စည်းများ ကုန်သွယ်ခွင့်ကို ယခုအထိ ဆက်လက်ခွင့်ပြုထားဆဲဖြစ်ကြောင်း သိရသည်။

**Source: https://news-eleven.com/article/194794**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းဧက ၆၀၀၀ နီးပါးရှိ



ရန်ကုန်တိုင်းဒေသကြီးအတွင်း COVID-19 စီးပွားရေး ကုစားမှု အစီအစဉ် (CERP) ဖြင့် စိုက်ပျိုးထားသည့် မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းဧက ၆၀၀၀ နီးပါးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်း၏ပြောပြချက်အရသိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ဆင်းသုခ၊ မနောသုခ၊ ရတနာတိုး၊ ရက် ၉၀၊ စူပါနံ့ကောက်၊ ပေါ်ဆန်းရင်၊ ပေါ်ဆန်းဘေးကြား၊ ဧရာမင်း၊ ကျော်ဇေယျ၊ ရွှေဝါထွန်း၊ မှော်ဘီ (၂)၊ မှော်ဘီ (၃)၊ မှော်ဘီကောက်ညှင်းမွှေး၊ ရေမြုပ်ခံ၊ ဒဂုံမျိုးဟူသည့် စပါးမျိုးကွဲပေါင်း ၁၅ မျိုးကို စိုက်ဧက ၅၉၂၉ ဧကခွဲ လျာထားချက်အတိုင်း စိုက်ပျိုးထားခြင်းဖြစ်သည်။ လတ်တလော မျိုးကွဲပေါင်း ၁၅ မျိုးကို စိုက်ပျိုးထားသော်လည်း မျိုးကွဲအမျိုးအစားများပေါ် မူတည်၍ စိုက်ပျိုးသူများအား တစ်ဧကလျှင် ငွေကျပ် ၁၄၈၅၀၀ မှ ၁၅၅၀၀၀ အထိ ပံ့ပိုးပေးမည်ဖြစ်သည့်အပြင် စိုက်ပျိုးချိန်မှ မျိုးသိမ်းချိန်အထိ အဆင့်ဆင့်ပံ့ပိုးပေးမည် ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် စိုက်ပျိုးသည့်အစီအစဉ်များသာ ဆောင်ရွက်နေပြီး ထွက်ရှိလာသည့်မျိုးများကို နိုင်ငံတော်မှ ပြန်လည် ဝယ်ယူခြင်း ရှိ၊ မရှိကို ဆွေးနွေးမှုမပြုလုပ်ရသေးကြောင်း၊ CERP ဖြင့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ မှော်ဘီ၊ လှည်းကူး၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ စသည့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အားလုံးနီးပါးတွင် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးထားပြီး မြို့နယ်အလိုက် စိုက်ဧက များကွာခြားမှု ရှိကြောင်းသိရသည်။

**Source: https://www.myawady.net.mm/node/2623**

## နယ်စပ်ကုန်အဝင်နောက်ကျ၍ ရေထွက်ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုများရှိနေသည်ဟုဆို

ကုန်တင်ယာဉ်မောင်းများကို လမ်းတွင်စစ်ဆေးရေးဂိတ်များမှ Covid-19 ပိုးစစ်ဆေးမှုများကြောင့် နယ်စပ်သို့ ကုန်အဝင်များ နောက်ကျ၍ ရေထွက်ကုန်ပစ္စည်းများဆုံးရှုံးပျက်စီးမှုများရှိနေကြောင်း မူဆယ်ကုန်စည်ဒိုင်မှသိရသည်။ ကုန်စည်ဖြတ်ကျော် ရာတွင် သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများအရ ကုန်တင်ယာဉ်၊ ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်များကို Covid-19 ရောဂါစစ်ဆေးခြင်းကို စစ်ဆေးရေးဂိတ်များမှ ဆောင်ရွက်နေမှုများရှိနေပြီး လမ်းတွင်ကုန်တင်ယာဉ်များ ပိတ်ဆို့မှုများ ရှိနေကြောင်း သိရသည်။ "လမ်းမှာလည်း ဂိတ်အသီးသီးက Covid-19 ရောဂါစစ်တယ်။ မန္တလေး-မူဆယ်လမ်းမှာတင် သုံးဂိတ်လောက်ရှိတယ်။ ပြီးတော့ တရုတ်ဘက်ကလည်း တရုတ်အမျိုးသားနေ့ဆိုပြီး အကောက်ခွန်ဂိတ်တွေကို ပိတ်ထားတော့ ကုန်အဝင်အထွက်ကရပ်နေတာပေါ့။ ပြီးတော့လမ်းမှာ Covid-19 စစ်တော့နယ်စပ်ကုန်သွယ်ရေးကိုအများကြီးထိခိုက်တယ်။ ကုန်အဝင်က နောက်ကျတယ်။ ရေထွက်ပစ္စည်းတွေဆိုတော့ ပိုဆိုးတယ်။ အကုန်လုံးပျက်စီးဆုံးရှုံးကုန်တာ၊ ဒုတိယလှိုင်းကပိုဆိုးတယ်။ ကုန်ကားတွေကလည်းပိတ်နေတော့ "ဟု မူဆယ်ကုန်စည်ဒိုင်မှ အတွင်းရေးမှူး ဦးမင်းသိမ်းက ပြောသည်။

Covid-19 ဒုတိယလှိုင်းနှင့် ပထမလှိုင်းနှိုင်းယှဉ်ပါက နယ်စပ်ကုန်သွယ်ရေး ၂၀ ရာခိုင်နှုန်းကျဆင်းနေပြီး တရုတ်နိုင်ငံဘက်မှ နယ်စပ်ဂိတ်ပေါက်အားလုံးပိတ်ထားသည့်အတွက် အလုပ်သမား ၄၀၀ နှင့် ၅၀၀ ဝန်းကျင်အလုပ်လက်မဲ့ဖြစ်နေကြောင်း သိရသည်။ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်သည် ပျမ်းမျှတစ်ရက်လျှင် ကန်ဒေါ်လာ ၅ သန်းခန့် ကုန်သွယ်မှုပြုလုပ်နိုင်ပြီး မြန်မာနိုင်ငံအတွင်းရှိ ကုန်သွယ်ရေးဇုန်များအနက် အကြီးဆုံးဇုန်တစ်ခုဖြစ်ပြီး ကုန်သွယ်မှု ၇၀ ရာခိုင်နှုန်းခန့်မှာ မူဆယ်ဇုန်မှ

ပြုလုပ်ကြောင်း သိရသည်။

**Source:** http://www.fifthwavenews.com/fwn/54414

## ပြင်ပငွေကြေးဈေးကွက် ပိတ်ထားရခြင်းနှင့်အတူ ဝယ်လိုအားမရှိ၍ ဒေါ်လာဈေးကျ

COVID-19 ကြောင့် ပြင်ပဈေးကွက် ရပ်နားထားရခြင်းနှင့်အတူ ဝယ်လိုအားကျဆင်းခြင်းကြောင့် ကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများကျဆင်းနေသည်ဟု ပြင်ပငွေကြေးဈေးကွက် အကျိုးဆောင်များကပြောသည်။ ''လောလောဆယ် Export သမားက ထိုးရောင်းနေတဲ့အတွက် ဈေးကနိမ့်နေတယ်။ အခုက အဝယ်သမားမျှော်နေရတဲ့ သဘောမျိုး ပြန်ဖြစ်သွားတယ်။ နောက်တစ်ခုက ဈေးကွက်နားထားတော့ ဈေးကွက်လည်းအေးတယ်။ ရောဂါသက်ရောက်မှုကြောင့်ပါပဲ'' ဟု ပြင်ပငွေကြေးဈေးကွက် အကျိုးဆောင်တစ်ဦးကပြောသည်။ ပြင်ပငွေကြေးအရောင်းအဝယ်ပြုလုပ်သည့်နေရာမှာလည်း COVID-19 ကြောင့် ပိတ်ထားရပြီး လုပ်ကိုင်နေသူအများစုသည် ဖုန်းဖြင့်အရောင်းအဝယ်လုပ်နေကြရသည်။ လက်ရှိတွင် ပို့ကုန်လုပ်ငန်းရှင်များထံမှ ရောင်းလိုအားများနေကာ အဝယ်မရှိသည့်အတွက် ဈေးကျဆင်းနေရသည်ဟုဆိုသည်။

ဗဟိုဘဏ် ထုတ်ပြန်ချက်များအရ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့က ငွေလဲနှုန်းသည် အမေရိကန် တစ်ဒေါ်လာလျှင် ၁၄၆၇ ကျပ် အထိ ရှိနေရာမှ အောက်တိုဘာလ ၅ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၀၆ ကျပ် သို့ ရောက်ရှိခဲ့ရာ တစ်နှစ်အတွင်း ငွေလဲနှုန်း ၁၆၀ ကျပ် ဝန်းကျင် ကျဆင်းခဲ့သည်။ ''တကယ်လို့ ဗဟိုဘဏ်သာ မဝယ်ရင် ဒီထက်ကျမှာ။ ဒီထက်ကျရင် ပို့ကုန်လုပ်ငန်းရှင်တွေ တွက်ခြေ မကိုက်တော့ဘူး ''ဟု ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဦးသန်းလွင်က ပြောသည်။

လက်ရှိ ပြင်ပဈေးကွက်တွင် ဒေါ်လာလဲလှယ်နှုန်းသည် Earning ခေါ် Export ငွေလဲလှယ်သည့်ဈေးမှာ အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၀၉ ကျပ် ဝန်းကျင်တွင်ရှိနေပြီး ဈေးကွက်အတွင်း လိုသလောက်ရရှိနိုင်ကြောင်း၊ အစိမ်းခေါ် လခထုတ်ငွေ၊ နိုင်ငံခြားခရီးသွားများထံမှရရှိသည့် အမေရိကန်ဒေါ်လာလဲလှယ်သည့်နှုန်းမှာ တစ်ဒေါ်လာလျှင် ၁၃၂၀ ကျပ် မှ ၁၃၂၅ ကျပ် ဝန်းကျင်အတွင်းရှိနေပြီး အဝေးခေါ် ပြည်ပအလုပ်သမားထံမှပို့သည့် ငွေဈေးမှာ ၁၃၀၄ ကျပ်ဝန်းကျင်တွင်ရှိနေကြောင်း ဈေးကွက်ဖော်ပြချက်များအရသိရသည်။ '' COVID-19 ကာလမှာ ဈေးကွက်က နယ်မကျော်ရဆိုတာကြောင့် ရပ်သလောက်ဖြစ်သွားတယ်'' ဟုအကျိုးဆောင်ကဆိုသည်။ ဗဟိုဘဏ်သည် ငွေလဲနှုန်းကိုထိန်းညှိရန် အမေရိကန်ဒေါ်လာများကိုဝယ်ယူနေသည်။ ငွေလဲနှုန်းသည် တစ်ဒေါ်လာလျှင် ၁၃၁၀ ကျပ် ဝန်းကျင်ဖြင့်ရှိနေသည်မှာ နှစ်လတာကြာမြင့်လာပြီဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/144576.html

## အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ချေးငွေ (၇)နှစ်အတွင်း ကျပ်ဘီလျံနှစ်ထောင်ကျော်ထိ မြင့်တက်ခဲ့

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ထုတ်ချေးငွေများသည်ခုနစ်နှစ်အတွင်း ကျပ်ဘီလျံ နှစ်ထောင်ကျော်ထိ မြင့်တက်လာခဲ့ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနထုတ်ပြန်ချက်များအရသိရသည်။ ထုတ်ချေးငွေသည် ၂၀၁၂-၁၃ဘဏ္ဍာနှစ်တွင် ကျပ်၂၆,၇၄၂ သန်းရှိရာမှ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင်ကျပ် ၂,၂၇၁,၂၅၉ သန်း ရှိလာခဲ့ရာ အဆိုပါနှစ်များအတွင်း ကျပ်သန်းပေါင်း၂၂၄၄,၅၁၇ (၂၂၄၄ ဘီလျံကျော်)မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ထို့ပြင်အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ စုစုပေါင်းပိုင်ဆိုင်မှု (Equity)သည်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်ကျပ်သန်းပေါင်း ၄၀,၃၇၃ရှိခဲ့ရာမှ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင်ကျပ်သန်းပေါင်း ၁,၁၀၂,၅၈၂ အထိရှိလာခဲ့သည်။ ၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ်တွင်အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ ၇၄ ဖွဲ့သာရှိခဲ့ပြီး ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင်၁၈၉ ဖွဲ့အထိရှိလာခဲ့သည်။၂၀၁၂ -၁၃ ဘဏ္ဍာနှစ်တွင်အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏အသင်းသားဦးရေ ၅၇၀,၀၀၀ ကျော်ရှိခဲ့ရာမှ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင်အသင်းသားဦးရေ ၆ ဒသမ ၁ သန်းကျော်အထိရောက်ရှိလာခဲ့သည်။

၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေကိုပြဋ္ဌာန်းခဲ့ပြီးနောက်တွင် နိုင်ငံအတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းများပေါ်ပေါက်လာကာ ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သောအသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအရနှစ်စဉ်လုပ်ငန်းများ ဖွံ့ဖြိုးလျက်ရှိသည်။ လက်ရှိဖြစ်ပွားနေသော COVID-19 ကာလတွင်

အစိုးရသည် သက်သာသောအတိုးနှုန်းဖြင့်အသေးစား ချေးငွေလုပ်ငန်းများကိုကျပ် ၁၀၀ ဘီလီယံထောက်ပံ့ထားသည်။

**Source:** https://myanmar.mmtimes.com/news/144569.html

## နိုင်ငံခြားငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့် ဆန်ပြည်ပတင်ပို့မှုလျော့ချ

ကိုဗစ်ကာလတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းနေမှုကြောင့် တွက်ချေမကိုက်၍ ပြည်ပသို့ဆန်တင်ပို့မှု လျော့နည်းလာပြီး လာမည့်နိုဝင်ဘာလမှသာ ပုံမှန်ပြန်လည်တင်ပို့လာနိုင်သည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ဗဟိုအလုပ်မှုဆောင် ဒေါက်တာစိုးထွန်းက မြန်မာတိုင်းမ်ကိုပြောသည်။ ''ပြည်တွင်းဆန်ဈေးမြင့်တက်တယ်။ဒေါ်လာဈေးကကျတော့ ပြည်ပတင်ပို့ရင် တွက်ချေမကိုက်ဘူး။ တွက်ချေမကိုက်တဲ့အတွက် မပို့ကြတော့ဘူး။ အခုကဝယ်မယ့်သူရှိရင်တောင်မှ ဈေးနဲ့တွက်ကြည့်ရင် မကိုက်ဘူး။ ပြည်ပကို ရောင်းချတာကလည်း ထိုက်သင့်တဲ့ အကျိုးအမြတ်ရမှ Exporter က ပို့မှာ''ဟု ၎င်းကပြောသည်။

ပြည်ပသို့ ဆန်တင်ပို့ရာတွင် ပို့ကုန်ဝင်ငွေမှာ နိုင်ငံခြားငွေရရှိသည့်အတွက် အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်ရာတွင် ငွေလဲလှယ်နှုန်းထားကျဆင်းနေရာ ဆန်တင်ပို့သူများအတွက် တွက်ချေမကိုက်ခြင်းကြောင့် ပြည်ပသို့ဆန်တင်ပို့မှု ရပ်ထားခြင်း မဟုတ်သော်လည်း ပုံမှန်တင်ပို့မှုကိုလျှော့ချကာ လျော့နည်းတင်ပို့နေခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။ တိုင်းပြည်၏ ပို့ကုန်ဝင်ငွေဖြစ်သော အမေရိကန်ဒေါ်လာတန်ဖိုးသည် ကိုဗစ်ကာလတွင် ဆက်တိုက် ကျဆင်းခဲ့ပြီး ယခုနှစ်၊အောက်တိုဘာ ၆ ရက်တွင် ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းသည် အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၀၂ ကျပ်သာ ပေါက်ဈေးရှိပြီး ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သည့် ဧရာဝတီဘဏ်၏ နိုင်ငံခြားငွေလဲလှယ်နှုန်းပေါက်ဈေးသည် ကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ၁၃၂၃ ကျပ်သာ ရှိသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ မဖြစ်ပွားခင်က၂၀၂၀ ခုနှစ် ၊ ဇန်နဝါရီလဒုတိယအပတ်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းသည် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ၁၄၈၄ ကျပ်အထိ ယခုနှစ်အတွင်း အမြင့်ဆုံး ပေါက်ဈေးဖြစ်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ကျပ် ၁၃၀၀ ကျော်ပေါက်ဈေးဖြင့်သာ ဆက်လက်ကျဆင်းနေဆဲဖြစ်သည်။ ထိုသို့ နိုင်ငံခြားငွေလဲလှယ်နှုန်းကျဆင်းခြင်းကြောင့် ပို့ကုန်ဝင်ငွေများအပေါ်ထိခိုက်ခဲ့ပြီး ပြည်ပသို့ အဓိကပို့ကုန်ဖြစ်သည့် ဆန်တင်ပို့မှုအပေါ်တွင်လည်း တွက်ချေမကိုက်ဖြစ်ကာ လျော့နည်းတင်ပို့လာခြင်းဖြစ်သည်။ ''တချို့လည်း စာချုပ်လက်ကျန်ရှိတယ်။တချို့လည်း ဈေးကောင်းရနိုင်ချေရှိတော့ တင်ပို့နေတာရှိတယ်။ တွက်ချေမကိုက်လို့ အများကြီးတော့ ပို့လို့မရဘူး။ အောက်တိုဘာလကုန်၊နိုဝင်ဘာလမှပဲ Export ကပြန်ထွက်နိုင်မယ်ထင်တယ်''ဟု ဒေါက်တာစိုးထွန်းကဆိုသည်။

အဆိုပါအခြေအနေများကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကိုဗစ်ကာလအစောပိုင်းတွင် နိုင်ငံတော်အရေးပေါ် ရိက္ခာအရန် ဆန်လုံလောက်စေရေးအတွက် ပြည်ပသို့ဆန်တင်ပို့မှုကို ကန့်သတ်မှုများလုပ်ဆောင်ခဲ့သော်လည်း မကြာမီ ဆန်အသစ်ပေါ်ပေါက်လာတော့မည်ဖြစ်ရာ ပြန်လည်ဖြေလျှော့ပေးခဲ့သည်။ ''ဆန်အသစ်လည်းပေါ်တော့မယ်။ ပြည်တွင်းမှာ ရိက္ခာအလုံအလောက်ရှိတဲ့အတွက် ပြည်ပတင်ပို့မှုကို မထိခိုက်စေချင်တဲ့အတွက်ကြောင့် လွတ်လွတ်လပ်လပ် တင်ပို့ခွင့်ပေးထားတယ်''ဟု ကုန်သွယ်ရေးဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းကပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်စာရင်းများအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် ဘဏ္ဍာနှစ်စမှ စက်တင်ဘာလ ၁၁ ရက်အထိ စုစုပေါင်းတန်ချိန် ၂ ဒသမ ၅ သန်း ကျော်တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၇၄ ဒသမ ၈၉၁ သန်းရရှိထားသည်။ ပြည်ပနိုင်ငံပေါင်း ၆၆ သို့ ဆန်တန်ချိန် ၁ ဒသမ ၅ သန်းကျော်တင်ပို့ထားမှုမှ ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၅၁၇ သန်းကျော်ရရှိထားပြီး ဆန်ကွဲကို နိုင်ငံပေါင်း ၆၀ သို့ ကိုးသိန်းခွဲခန့်တင်ပို့ထားကာ ပို့ကုန်ဝင်ငွေ ၅၇ သန်းကျော်ရရှိထားသည်ကို တွေ့ရသည်။

**Source:** https://myanmar.mmtimes.com/news/144626.html

## ဗြိတိန်သည် No-deal Brexit ဖြင့် ရှင်သန်နိုင်သည်ဟု ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ပြောကြား

ဗြိတိန်နိုင်ငံနှင့် အီးယူတို့အကြား Brexit အလွန်ကာလအတွက် ညှိနှိုင်းဆွေးနွေးမှုများသည် အကူးအပြောင်းကာလ ကုန်ဆုံးချိန်တွင် သဘောတူညီချက်မရရှိခဲ့ပါက ဗြိတိန်အနေဖြင့် ယင်းအခြေအနေနှင့်အတူ ရပ်တည်ရှင်သန်နိုင်သည်ဟု ဗြိတိန်

ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကပြောကြားခဲ့ကြောင်းသိရသည်။ ဗြိတိန်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့က အီးယူအုပ်စုမှ နှုတ်ထွက်ခဲ့ပြီး၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အီးယူ၏စည်းမျဉ်းများကို ဆက်လက်ကျင့်သုံးမည်ဖြစ်သည်။ ဗြိတိန်ခွဲထွက်မှုအလွန်ကာလ အီးယူ-ဗြိတိန်ကုန်သွယ်မှုဆက်ဆံရေးတွင် သတ်မှတ်ရက်အတွင်း သဘောတူညီမှုမရရှိခဲ့ပါက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့စည်းမျဉ်းများနှင့်အညီ မြင့်မားသော အကောက်ခွန်နှုန်းထားများဖြင့် နှစ်ဘက်ကုန်သွယ်ကြရမည်ဖြစ်ရာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ၏ရိုက်ခတ်မှုကြောင့် အားနည်းနေသည့် ဗြိတိန်နိုင်ငံ၏ စီးပွားရေးအပေါ်ဆန့်ကျင်ဘက် အကျိုးဆက်များ သက်ရောက်လာနိုင်ခြေ ရှိနေခြင်းဖြစ်ကြောင်းလည်းသိရသည်။

အီးယူနှင့်ဗြိတိန်တို့မှ စေ့စပ်ညှိနှိုင်းသူများအကြား (၉) ကြိမ်မြောက် ဆွေးနွေးပွဲများအပြီး နှစ်ဘက်ညှိနှိုင်းမှုများတွင် သဘောတူညီမှုရရန် ခက်ခဲနေဆဲဖြစ်သဖြင့် ဗြိတိန်ခွဲထွက်မှုအလွန် ကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက်အတွက် စေ့စပ်ညှိနှိုင်းမှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ Ursula von der Leyen တို့အကြား သဘောတူညီခဲ့ကြသည်။ ယခုနှစ်အကုန်တွင် အီးယူနှင့်ဗြိတိန်တို့အကြား သဘောတူညီချက်ရရှိရေးနှင့်စပ်လျဉ်း၍ နှစ်ဘက်စေ့စပ်ညှိနှိုင်းသူများအကြား အချိန်အနည်းငယ်သာ ကျန်ရှိနေပြီး၊ ဘောရစ်ဂျွန်ဆင်က အပြီးသတ်ညှိနှိုင်းမှုများပြုလုပ်ရန် သတ်မှတ်ရက်ကို အောက်တိုဘာလ ၁၅ ရက်နေ့အား သတ်မှတ်ထားကြောင်းနှင့် အီးယူဘက်အနေဖြင့်မူ အောက်တိုဘာလကုန်အထိ သတ်မှတ်ထားကြောင်းသိရသည်။

သဘောတူညီချက်ရရှိရေးအတွက် ကိစ္စရပ်များစွာကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်သော်လည်း ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်အနေဖြင့် နှစ်ဘက်အကြား သဘောတူညီချက်ရရှိနိုင်မည်ဟု ယူဆထားဆဲဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ထိန်းချုပ်ရန်လိုအပ်မှုကို အီးယူအနေဖြင့် နားလည်ရန်လိုအပ်ကြောင်း၊ ဗြိတိန်၏ ငါးဖမ်းဆီးမှုဇုန်နှင့်ပတ်သက်၍ အချုပ်အခြာအာဏာအပေါ် ခိုင်မာစွာဆက်လက်ရပ်တည်မှုကို ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က သတိပေးပြောကြားခဲ့ပြီး၊ ယင်းအချက်သည် နှစ်ဘက်ဆွေးနွေးမှုများအကြား အဓိက အခက်အခဲဖြစ်စေသည့် အချက်လည်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Source:** ဘာရပ်ဆဲလ်တိုင်းမ်

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘာရပ်ဆဲလ်**

## ကိုရိုနာကပ်ရောဂါပြန့်ပွားနေချိန်အတွင်း ဂျပန်ရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် ရန်ပုံငွေအဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်ကြိုးပမ်း

ဂျပန်နိုင်ငံရှိ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့် Japan Investment Corp. (JIC) ကဲ့သို့ ရန်ပုံငွေအဖွဲ့အစည်းများသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းဝင်ငွေများ ကျဆင်းမှုနေချိန်တွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်နေကြပါသည်။

အစိုးရကနိုင်ငံတော်ရန်ပုံငွေကိုအသုံးပြုကာ လုပ်ငန်းလည်ပတ်မှု အကျပ်အတည်း ရင်ဆိုင်နေကြရသည့် ကုမ္ပဏီများကို ငွေလုံးငွေရင်း ပံ့ပိုးပေးခြင်းဖြင့် လုပ်ငန်းအသစ်များ ဆောင်ရွက်နိုင်ရန်နှင့် ဒေသတွင်းစီးပွားရေး အင်အားပြန်လည် ပြည့်တင်းလာရန် အစီအစဉ်များကို ချမှတ်ဆောင်ရွက်နေပါသည်။ သို့သော်လည်း လုပ်ငန်းသေနေသည့် စီးပွားရေးလုပ်ငန်းများ တိုးပွားလာသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မရေရာမသေချာဖြစ်နေမှုအပေါ် အာရုံစိုက်မှုများ မြင့်တက်လာပါသည်။

JIC ၏ ဥက္ကဋ္ဌဖြစ်သူ Keisuke Yokoo ကၾင်းတို့အနေဖြင့် လုပ်ငန်းသေနေသည့် စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးထောက်ပံ့မည်မဟုတ်ဘဲ လုပ်ငန်းအမျိုးအစားသစ်ကို ထိထိ ရောက်ရောက် ပြောင်းလဲလုပ်ကိုင်မည့် ကုမ္ပဏီများကိုသာ JIC ၏ ရင်းနှီးမြှုပ်နှံမှု ထောက်ပံ့ ငွေနှင့် ချေးငွေများ ပံ့ပိုးပေးသွားမည်ဟု ပြောကြားခဲ့ပါသည်။ အစိုးရက JIC နှင့် ပြည်တွင်းရှိ စီးပွားရေးပြန်လည်အားကောင်းလာစေရေးအဖွဲ့အစည်းများ (REVIC,) အတွက် ခိုင်မာမှုရှိစေ ရေး အစီအမံများကို ပြီးခဲ့သည့် ဇွန်လက အတည်ပြုပေးခဲ့ပါသည်။ အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို မြှင့်တင်ရန် ရန်ပုံငွေအဖွဲ့အစည်းကြီး နှစ်ခုဖြစ်သည့် JIC အတွက် ယန်း ၃ ထရီလီယံနှင့် REVIC အတွက် ယန်း ၂.၅ ထရီလီယံ ခွင့်ပြုပေးခဲ့ပါသည်။

ပြီးခဲ့သည့် နွေရာသီက JIC အနေဖြင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် အကြီး စားစီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအပါအဝင် ကိုရိုနာကပ်ရောဂါ အကျပ်အတည်းကာလအတွင်း ဒစ်ဂျစ်တယ်နည်းပညာအသုံးချဆောင်ရွက်မှု ကျယ်ပြန့်လာစေရန်နှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ချိန်ညှိရေးတို့အတွက် အထောက်အပံ့ဖြစ်စေမည့် ဦးစီးဦးဆောင်ပြုမှု အစီအစဉ်များကို စတင်ဆောင်ရွက်ခဲ့ပါသည်။

JEVIC အနေဖြင့် ကြွေးမြီများလျော့ချပေးမည့် အစီအစဉ်အပါအဝင် စီးပွားရေးလုပ်ငန်းကြီးများ ပြန်လည်ရှင်သန်ရေး စီမံချက်ကို ဆောင်ရွက်ရန် ပြင်ဆင်နေပါကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်က JEVIC အား ယခင်ဦးဆောင်ခဲ့သူက ဂျပန်လေကြောင်းလိုင်းများနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းများပြန်လည်ရှင်သန်စေရေး အစီအစဉ်ကို ဦးဆောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ကိုရိုနာကပ်ရောဂါ အကျပ်အတည်းကာလအတွင်း ခရီးသွားလုပ်ငန်းအခြေပြု စီးပွားရေးလုပ်ငန်းများ၊ စားသောက်ဆိုင် လုပ်ငန်းဆောင်ရွက်သူများ၊ လေကြောင်းလိုင်းများ၏ ဝင်ငွေကျဆင်းသွားခဲ့ပါသည်။ အစိုးရက ၎င်းလုပ်ငန်းများအတွက် ဘဏ္ဍာရေးပိုင်း ပံ့ပိုးဆောင်ရွက်မှုများအဖြစ် အစိုးရကဦးဆောင်သည့် ဘဏ်ချေးငွေ ယန်း ၄၀ ထရီလီယံဖြင့် ထောက်ပံ့ပေးခဲ့ ပါသည်။ သို့သော်လည်း ကြီးမားသည့် ချေးငွေများသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်များဆောင်ရွက်မှုနှင့် ကုမ္ပဏီများ၏ လုပ်ငန်းပြောင်းလဲဆောင်ရွက်မှုတို့အတွက် များစွာအဟန့်အတားဖြစ်စေပါသည်။

စီးပွားရေးလုပ်ငန်း ပြန်လည်ထူထောင်ရေး ကျွမ်းကျင်ပညာရှင်များက တစ်စတစ်စတိုးပွားလာသည့် ကုမ္ပဏီများအတွက် ကြွေးမြီကင်းလွတ်ခွင့်နှင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ကြွေးမြီကင်းလွတ်သည်ဟူသည့် အတည်ပြုလက်ခံမှုကို တဖြည်း ဖြည်းချင်း ခွင့်ပြုပေးသွားလိမ့်မည်ဖြစ်ကာ လုပ်ငန်းအသစ်ပြောင်းလဲဆောင်ရွက်ရန် တိုက်တွန်းလိမ့်မည်ဟု ခန့်မှန်း သုံးသပ်နေကြပါသည်။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် ရန်ပုံငွေအဖွဲ့အစည်းများသည် အဆိုပါစီးပွားရေးလုပ်ငန်းများ ပြန်လည် ထူထောင်ရေးကြိုးပမ်းမှုများအတွက် အလားအလာရှိသော ပံ့ပိုးပေးသူများဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အစိုးရ၏ ရန်ပုံငွေ အစီအစဉ်များသည် ထိုရန်ပုံငွေကို အသုံးပြုဆောင်ရွက်ကြသည့် စီးပွားရေးလုပ်ငန်းများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် သတိထား ရှောင်ရှားကြရန် လိုအပ်ပါသည်။

REVIC ကို ဆက်ခံသူက ၂၀၁၂ ခုနှစ်တွင် ဂျပန်လေကြောင်းလိုင်း (JAL) ကို စတော့ ဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာစေရန် စုစုပေါင်းပမာဏ ယန်း ၃၀၀ ဘီလီယံကို ပံ့ပိုးပေးခဲ့ပါသည်။ သို့သော် REVIC ၏ ဆက်ခံသူ အနေဖြင့် semiconductor ထုတ်လုပ်သူများကို liquid crystal display ထုတ်လုပ်သည့်လုပ်ငန်းအဖြစ် ပြောင်းလဲ ဆောင်ရွက်ရန် ကြိုးပမ်းခဲ့မှုတွင် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## အိန္ဒိယနိုင်ငံ၏ စီးပွားရေးကဏ္ဍအချို့ ပြန်လည်ကောင်းမွန်စပြုလာခြင်း

အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု တားဆီးထိန်းချုပ်ရန် ချမှတ်ခဲ့သည့် တားမြစ် ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ် ဖွန်လမှစတင်၍ အဆင့်အလိုက်ဖြေလျော့မှုများပြုလုပ်၍ စီးပွားရေးလုပ်ငန်းများအား လုပ်ဆောင်ခွင့်ပြုခဲ့ရာ စီးပွားရေး ကဏ္ဍအချို့တွင် ပြန်လည်နာလန်ထူစပြုလာကြောင်း သိရှိရပါသည်။

ဗြိတိန်နိုင်ငံအခြေစိုက် IHS Markit စီးပွားရေးရာလေ့လာဆန်းစစ်ရေးအဖွဲ့၏ ကုန်ထုတ်လုပ်ငန်းဝယ်ယူရေး စီမံခန့်ခွဲသူများ အညွှန်းကိန်း Purchasing Managers' Index (PMI) ဖော်ပြ ချက်အရ အိန္ဒိယနိုင်ငံ၏ PMI အညွှန်းကိန်းမှာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ၌ ၅၂.၀ ရှိရာမှ စက်တင်ဘာလတွင် ၅၆.၈ သို့ တိုးတက်လာကြောင်းတွေ့ရှိရသည်။ ယခု PMI အညွှန်းကိန်း တန်ဖိုးသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ၈ နှစ်တာအတွင်း လအလိုက်အမြင့်ဆုံးဖြစ်သည်။ IHS Markit မှ ဒါရိုက်တာ Ms. Pollyanna De Lima က Covid-19 တားဆီးထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်မှုများအား ဖြေလျော့မှုနှင့်အတူ အိန္ဒိယ ပြည်ပ ပို့ကုန်လုပ်ငန်းများ၏ အမှာစာများပြန်လည်တိုးတက်ရရှိလာပြီး ကုန်ထုတ်လုပ်ငန်းများသည် လမ်းကြောင်းမှန်ပေါ်၌ ဆက်လက်ဦးတည်လျက်ရှိကြောင်း၊ သို့ရာတွင် ကုမ္ပဏီအချို့က လုပ်သားငှားရမ်းရရှိနိုင်မှု အခက်အခဲများရှိနေကြောင်းနှင့်

လူမှုအလုပ်မဲ့ဝေး နေထိုင်လုပ်ကိုင်ရေးဆိုင်ရာ လမ်းညွှန်ချက်များအရ လုပ်သားအင်အားကို ကန့်သတ်ဆောင်ရွက်နေရသည်ဟု သတင်းပေးပို့ခဲ့ကြကြောင်း ပြောဆိုပါသည်။ အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနက ၁-၁၀၂၀၂၀ နေ့၌ အခွန်ကောက်ခံရရှိမှု အခြေအနေကို သတင်းထုတ်ပြန်ရာတွင် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (GST) ကောက်ခံရရှိငွေ စုစုပေါင်းမှာ ရူပီး ၉၅၄.၈ ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူထက် ၄% ပိုမိုခဲ့ကြောင်း ဖော်ပြပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ ၂-၁၀-၂၀၂၀ နေ့ သတင်းထုတ်ပြန် ရာတွင် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း အိန္ဒိယနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၇.၇၁ ဘီလီယံရှိပြီး ပို့ကုန်၌ ဒေါ်လာ ၂၇.၄၀ ဘီလီယံ ရရှိခဲ့ရာ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၅.၂၇% တိုးတက်မှုရှိကြောင်း၊ သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၃၀.၃၁ ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူပမာဏ အောက်သို့ ၁၉.၆% လျော့ကျခဲ့ကြောင်း၊ ယခုနှစ် စက်တင်ဘာလ၌ ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၂.၉၁ ဘီလီယံ ဖြစ်ပေါ်ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၇၅.၀၆% အထိ သိသာစွာ လျော့ချနိုင်ခဲ့ကြောင်း၊ ပို့ကုန်ကဏ္ဍ၌ ဆန်နှင့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ တင်ပို့မှု ပိုမိုတိုးတက်ခဲ့ပြီး သွင်းကုန်ကဏ္ဍတွင် ရေနံထွက်ကုန်များ၊ စက်ပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးကိရိယာများ တင်သွင်းမှုလျော့ကျခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Mr. Piyush Goyal က ယခုကဲ့သို့ ပို့ကုန် ကဏ္ဍ၌ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါမဖြစ်ပွားမီကာလရှိ တင်ပို့နိုင်မှုပမာဏထက် ကျော်လွန်၍ရရှိလာခြင်းသည် အိန္ဒိယ၏ စီးပွားရေးအခြေအနေမှာ လျင်မြန်စွာ ပြန်လည်တိုးတက်ကောင်းမွန်လျက်ရှိသည်ကိုညွှန်ပြကြောင်း ၎င်း၏တွစ်တာအင်တာနက်စာမျက်နှာ၌ ဖော်ပြခဲ့ ပါသည်။

သို့ရာတွင် စီးပွားရေးလေ့လာဆန်းစစ်သည့်အဖွဲ့အစည်းများမှ ပညာရှင်အချို့က စီးပွား ရေး ပြန်လည်နာလန်ထူလာမှုကို ညွှန်ပြသည့် လက္ခဏာများမှာ အစပျိုးဆဲသာဖြစ်ပြီး ထိလွယ်ရှလွယ်သည့် အခြေအနေမှာပင်ရှိနေဆဲဖြစ်ကြောင်း ပြောဆိုလျက် ရှိကြသည်။ ယခင်က အိန္ဒိယဗဟိုဘဏ်နှင့်ဝန်ကြီးချုပ်၏စီးပွားရေးအကြံပေးကောင်စီတို့၌ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင် ရွက်ခဲ့သူ Mr. C Rangarajan ကအခွန်ကောက်ခံရရှိမှုနှင့် စီးပွားရေးကိန်းဂဏန်းအချို့သည် Coivd-19 အကျပ်အတည်း ကာလမတိုင်မီကထက် ကျော်လွန်သည်ဟုဆိုသော်လည်း ပြီးလနောက်ပိုင်း ကုန်ထုတ်လုပ်မှုကျဆင်းလာခြင်းမှ ဆုံးရှုံးရမှုများ အပေါ် ကာမိရန်အတွက် လက်ရှိအရှိန်အဟုန်ကို ကာလအတန်ကြာသည်အထိ ထိန်းသိမ်းနိုင်ရန် လိုအပ်နေဆဲဖြစ်ကြောင်း ပြောဆိုပါသည်။

ယခင်စာရင်းအင်းဌာနအရာရှိချုပ် Mr. Pronab Sen က စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းများသည် ကပ်ရောဂါ မတိုင်မီကထက် ကျော်လွန်ခြင်းမှာ ဖြေလျော့မှုများပြုချိန်၌ ဝယ်လိုအားရုတ်ခြည်းမြင့်တက်မှုအရ ဖြစ်ပေါ်ခြင်းဖြစ်ပြီး ဤအခြေအနေသည် ရေရှည်တည်တံ့မှုရှိမရှိကို ပွဲတော်ရာသီကာလ ကုန်လွန်သည်အထိ စောင့်ကြည့်ရန်လိုအပ်ကြောင်း ပြောကြားပါသည်။ နယူးဒေလီမြို့ရှိ Institute of Social Sciences မှ ပါမောက္ခ Mr. Arun Kumar ကမူ လက်ရှိ ကာလ၌ လေကြောင်းလိုင်းများ၏ ၄၀% ခန့်သာ ပျံသန်းလုပ်ကိုင်လျက်ရှိပြီး ဟိုတယ်၊ ခရီးသွား နှင့် စားသောက်ဆိုင်လုပ်ငန်းများမှာလည်း လည်ပတ်လုပ်ကိုင်နိုင်မှုမရှိသေးကြောင်း၊ အလားတူ FMCG ခေါ် လျင်မြန်စွာကုန်ဆုံးလွယ်သည့် အသုံးအဆောင်ပစ္စည်းများ၏ ဝယ်လိုအားမှာလည်း ပြန်လည်တိုးတက်လာခြင်းမရှိသေးကြောင်း၊ သို့ဖြစ်ရာ GST အခွန်ကောက်ခံရရှိမှု အချက် အလက်များမှာ မှန်ကန်ဖွယ်မရှိကြောင်း၊ လုပ်ငန်းလည်ပတ်ငွေ ရူပီးသန်း ၅၀ အထက် လုပ်ငန်း များအား ဇွန်လတွင်လည်းကောင်း၊ သန်း ၅၀ အောက်လုပ်ငန်းများအား စက်တင်ဘာလ၌လည်းကောင်း ယခင်နှစ်အတွင်းလုပ်ငန်းဆောင်ရွက်မှုများအပေါ် အခွန်ပေးဆောင်ရန် စေ့ရောက် သည့်ကာလအဖြစ် သတ်မှတ်ထားသဖြင့် ၎င်းလများတွင် အခွန်ကောက်ခံရရှိမှုပမာဏ မြင့်တက် ခြင်းဖြစ်ကြောင်း ပြောဆိုပါသည်။ ICRA စီးပွားရေးအကဲဖြတ်လုပ်ငန်းမှ ပညာရှင် Ms. Aditi Nayar ကလည်း ဝယ်လိုအား ရုတ်ခြည်းမြင့်တက်မှုနှင့် ကုန်ထုတ်လုပ်ငန်းများ၏ ကုန်စည်များ ပြန်လည်စတင်စုဆောင်းမှုတို့က အခွန်တိုးမြင့်ကောက်ခံရရှိခြင်း၏ အဓိက အကြောင်းအရင်းများဖြစ်ရာ ကာလရှည်၌ ဤသို့တိုးတက်ရရှိမည်ဟု ရှင်းလင်းခိုင်မာစွာ ပြောဆိုနိုင်မှုမရှိကြောင်း၊ စက်တင်ဘာလအတွင်း စီးပွားရေးအညွှန်းကိန်းများ မြင့်မားမှုဖြစ်ပေါ်ခြင်းက စီးပွားရေး ပြန်လည်နာလန်ထူထောင်လာမှုသည် အပိုင်းလိုက် ပြတ်တောင်းစွာ ဖြစ်ပေါ်လျက်ရှိကိုတွေ့ရှိရကြောင်း ပြောကြားပါသည်။

စက်တင်ဘာလအတွင်း ရေနံနှင့်ရွှေမပတ်သော ကုန်စည်များတင်သွင်းမှုမှာ နှစ်အလိုက်နှိုင်းယှဉ်ပါက ၁၃.၃% လျော့ကျနေဆဲဖြစ်ခြင်း၊ အတိုးနှုန်းများလျော့ချခဲ့သော်လည်း ချေးငွေထုတ် ပေးမှုထက် ဘဏ်အပ်ငွေများတိုးမြင့်လာပြီး ၁၁-၉-၂၀၂၀ နေ့ရှိ စာရင်းများအရ ချေးငွေနှင့်အပ်ငွေ အချိုး (Credit-deposit ratio) သည် ၇၁.၈% သို့ ကျဆင်းလာခဲ့ခြင်း၊ စုစုပေါင်း ပြည်တွင်းထုတ် လုပ်မှုတန်ဖိုး၌ပါဝင်သည့် ပင်မကဏ္ဍများ၏တိုးတက်မှုမှာ ဩဂုတ်လ၌ အနှုတ် ၈.၅% ဖြစ်ပေါ်ခဲ့ခြင်း စသည့်အချက်များက အိန္ဒိယ၏စီးပွားရေးမှာ ပြန်လည်တိုးတက်ကောင်းမွန်လာသည်ဟု ခိုင်မာစွာပြောကြားနိုင်ရန် စောင့်ကြည့်ရဦးမည့် အခြေအနေရှိနေပါသည်။

Source: 1. "India's Merchandise Trade: Preliminary Data for September, 2020" dated 2nd Oct 2020 of Press Information Bureau of India

2. "GST Revenue collection for September, 2020" dated 1st Oct 2020 of Press Information Bureau of India

3. India's factory activity grew at fastest pace in over eight years in September: PMI, 1 Oct 2020, Economic Times

4. Signs of economic recovery fragile: Experts, 5 Oct 2020, Business Standard

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## STOCK EXCHANGE (6.10.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 6th Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 297 | 2,970,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,750 | 3,700 | 504 | 1,864,900 | 38,929,150 | 144,038 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 2 | 16,200 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +500 | +2.33% | 22,000 | 22,000 | 21,500 | 3,266 | 71,519,500 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 24 | 66,000 | 12,823,224 | 35,264 |
| EFR | 00006 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 8 | 24,400 | 19,977,223 | 60,931 |


### Market summary

As of 6th Oct. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 436.84 | +1.53 | +0.35% | 436.14 | 436.84 | 435.31 | 4,101 | 76,461,000 | 6 | 649,993 |

**Index chart**



## Market Overview

As of 12:30 pm, 6th Oct. 2020

| MYANPIX | 436.61 ▲1.30 |
|---|---|
| Total Volume (shares) | 1,334 |
| Total Value (MMK) | 18 mil |
| Listed Company | 6 |
| Market Cap. (MMK) | 649,663 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲0 |
| MTSH | 00002 | 3,750 | ▲50 |
| MCB | 00003 | 8,000 | ▲0 |
| FPB | 00004 | 21,500 | ▲0 |
| TMH | 00005 | 2,750 | ▲0 |
| EFR | 00006 | 3,050 | ▲0 |

TIR